“ဤခြေလေးချောင်းတိရစ္ဆာန်များတွင်

တောရိုင်းတိရစ္ဆာန်များကဲ့သို့ အမူအကျင့်မျိုး

ရှိကြ၏။ သို့ဖြစ်၍ ထိုတိရစ္ဆာန်များထဲမှ သင်တို့ကိုလွှမ်းမိုးသော(ထိန်းချုပ်မရသော) တိရစ္ဆာန်ကို

ဤနည်းအတိုင်း ပြုလုပ်ကြလော့”

ရာဖိအ် ဗင်န် ခုဒိုင်ဂျ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်ုပ်တို့သည်တမန်တော်မြတ် (ဆွလ္လာလ္လာဟုအလိုင်ဟိဝစလ္လမ်) နှင့်အတူ ဇုဟ်ဟုလိုင်ဖဟ်အရပ်တွင်ရှိနေခဲ့ကြသည်။ ထိုအချိန် လူတို့သည် ဆာလောင်မွတ်သိပ်လာကျလေသည်။ သူတို့သည်
ကုလားအုတ်နှင့် သိုး၊ဆိတ်အချို့ကို (သုံ့ပန်းပစ္စည်းများအဖြစ်မုရှ်ရိက်တို့ထံမှ) ရရှိခဲ့ကြသည်။ (ရာဖိအ် က) ဆိုသည်- တမန်တော်မြတ် (ဆွလ္လာလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် လူတို့၏နောက်တန်းအုပ်စုထဲတွင် ရှိနေခဲ့၏။ထိုအခါ (ရှေ့ကလူများက သုံ့ပန်းပစ္စည်းများကို မခွဲဝေခင်အလျင်ထိုသားကောင်များကို) အလျင်စလိုဇဗဟ်ပြုလုပ်သတ်ဖြတ်ခဲ့ကြသည်။ အိုးများကိုလည်း (မီးဖိုပေါ်) တည်ခဲ့ကြသည်။ ထိုအခါ တမန်တော်မြတ်(ဆွလ္လာလ္လာဟုအလိုင်ဟိဝစလ္လမ်)ကအိုးများကို မှောက်ပစ်ရန် အမိန့်ပေးတော်မူသဖြင့် မှောက်ပစ်ခဲ့ကြသည်။ ထို့နောက်ကိုယ်တော်သည် (သုံ့ပန်းပစ္စည်းများကို) ခွဲဝေပေးတော်မူပြီး သိုးဆယ်ကောင်ကို
ကုလားအုပ်တစ်ကောင်နှင့် ညီမျှသည်ဟု သတ်မှတ်တော်မူသည်။ ထိုကုလားအုတ်များထဲမှတစ်ကောင်သည် ထွက်ပြေးသွားသဖြင့် လိုက်ရှာကြသော် လည်း ၎င်းတို့သည် ပင်ပန်းမှုသာအဖတ်တင်ခဲ့ကြပြီး (မဖမ်းမိနိုင်ခဲ့ချေ။) လူတို့၌ မြင်းများမှာလည်း
အနည်းငယ်သာရှိ၏။ ထိုအခါ သူတို့ထဲမှ လူတစ်ဦးက ထိုကုလားအုတ်ကို မြားဖြင့်
ပစ်လိုက်သော် အလ္လာဟ်အရှင်မြတ်က ထိုကုလားအုတ်ကို ထိန်းချုပ်ပေးတော်မူခဲ့သည်။ထို့နောက် တမန်တော်မြတ် (ဆွလ္လာလ္လာဟုအလိုင်ဟိဝစလ္လမ်)က
“ဤခြေလေးချောင်းတိရစ္ဆာန်များတွင် တောရိုင်းတိရစ္ဆာန်များကဲ့သို့
အမူအကျင့်မျိုး ရှိကြ၏။ သို့ဖြစ်၍ ထိုတိရစ္ဆာန်များထဲမှ သင်တို့ကိုလွှမ်းမိုးသော(ထိန်းချုပ်မရသော) တိရစ္ဆာန်ကို ဤနည်းအတိုင်း ပြုလုပ်ကြလော့”ဟုမိန့်တော်မူသည်။ ထိုအခါ (ရာဖိအ်) က လျှောက်ထားခဲ့သည်- ကျွန်တော်မျိုးတို့သည်
မနက်ဖြန် ရန်သူနှင့် ရင်ဆိုင်ရန် မျှော်လင့်ရပါသည်။ (သို့မဟုတ်စိုးရိမ်နေရပါသည်။) ကျွန်တော်မျိုးတို့တွင် ဓားများလည်းမရှိပါ။ ထို့ကြောင့်
ကျွန်တော်မျိုးတို့သည် သားကောင်ကို ဝါးဖြင့် ဇဗဟ်ပြုလုပ်လို့ ရပါမည်လော။ ထိုအခါတမန်တော်မြတ်က “သွေးကို ယိုစီးစေပြီး အလ္လာဟ်အရှင်၏ နာမတော်ကို
ရွတ်ဆိုတသခြင်းခံရလျှင် ထိုသတ္တဝါကို အသင်တို့ စားကြလော့။ သို့သော် သွားနှင့်
လက်သည်းခြေသည်းတို့ဖြင့် ဇဗဟ်မပြုလုပ်ရ။ ထိုအကြောင်းနှင့်ပတ်သတ်ပြီး
အသင်တို့အား ငါကိုယ်တော်ပြောပြမည်- သွားသည် အရိုးဖြစ်၏။ လက်သည်းများမှာ
ဟဗ်ရှီလူမျိုးတို့၏ ဓားများဖြစ်သည်”။ [صحيح] [متفق عليه]

ရာဖိအ် ဗင်န် ခုဒိုင်ဂျ် (ရဿွိယလ္လာဟုအန်ဟု)က ပြောပြသည်– သူတို့သည် တမန်တော်မြတ်

http://sunnah.global/hadeeth/my/show/2984